# ကမ္ဘာလုံးဆိုင်ရာ နိုင်ငံမဲ့ဖြစ်မှု ဆန့်ကျင်ရေး လှုပ်ရှားမှု - ကြေညာစာတမ်း

ကျွန်ုပ်တို့သည် နိုင်ငံမဲ့ဖြစ်မှုကို အမြစ်ဖြတ်ရန်၊ နိုင်ငံသားအခွင့်အရေး တန်းတူညီမျှမှု ရရှိရေးနှင့် နိုင်ငံမဲ့ဖြစ်ရသူအားလုံး၏ လူ့အခွင့်အရေးများကို အကောင်အထည်ဖော်ရန် ရည်စူးထားသော နိုင်ငံမဲ့များ၊ တက်ကြွလှုပ်ရှားသူများ၊ အဖွဲ့အစည်းများနှင့် မဟာမိတ်တစ်ဦးချင်းတို့၏ ကမ္ဘာလုံး ဆိုင်ရာ အသိုင်းအဝိုင်းဖြစ်သည်။

သန်းပေါင်းများစွာသောလူတို့သည် ၎င်းတို့၏ နိုင်ငံသားဖြစ်ခွင့်ကို ငြင်းပယ်ခံရပြီး နိုင်ငံမဲ့ဖြစ်မှုကို ကြုံကြွခံနေရချိန်တွင် မရေမတွက်နိုင်သော အခြားသူများလည်း နိုင်ငံသားအခွင့်အရေးများ ခြိမ်း ခြောက်ခံနေရသောကြောင့် ကျွန်ုပ်တို့ စုစည်းလာခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် မျှဝေခံစားနိုင်သည့် လူသားဆန်မှု၊ လူသားအားလုံး၏ တန်းတူညီမျှသော ဂုဏ်သိက္ခာ နှင့် အခွင့်အရေးများကို အသိအမှတ်ပြုကြောင်း အခိုင်အမာပြောဆိုပါသည်။

နိုင်ငံမဲ့ဖြစ်ခြင်း၏ တိုက်ရိုက်သက်ရောက်မှု ခံရသူများကို ကျွန်ုပ်တို့၏ လှုပ်ရှားမှုခေါင်းဆောင်များ အဖြစ် ဗဟိုထားပြီး၊ ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် ဘဝအတွေ့အကြုံများကို ကျွန်ုပ်တို့၏ မစ်ရှင်အတွက် အရေးပါကြောင်း အသိအမှတ်ပြုပါသည်။

ကျွန်ုပ်တို့သည် မျှတသည့် အုပ်ချုပ်ရေး၊ ပွင့်လင်းမြင်သာမှု၊ စုပေါင်းကိုယ်ပိုင်သုံးသပ်မှု၊ တစ်ဦးနှင့် တစ်ဦး တာဝန်ခံမှုရှိရန် ကတိပြုထားပါသည်။

ကျွန်ုပ်တို့သည် ညီညွတ်စွာဖြင့် အတူတကွရပ်တည်ကာ ရဲရင့်စွာ အားလုံးပါဝင်ပြီး တန်းတူညီမျှ သည့် ပူးပေါင်းဆောင်ရွက်မှုကို ရွေးချယ်၍ ကြင်နာမှု၊ သည်းခံမှုနှင့် အပြန်အလှန် လေးစားမှုတို့ဖြင့် ဦးဆောင်လျက်ရှိသည်။

ကျွန်ုပ်တို့သည် လူတိုင်း နားလည်ရန်လွယ်သော နည်းလမ်းများနှင့် ဆက်သွယ်ရန် ကြိုးစားသည်။

နိုင်ငံမဲ့ဖြစ်ခြင်း၏ အဓိကအကြောင်းရင်းဖြစ်သော ခွဲခြားဆက်ဆံမှုမရှိသည့် ကမ္ဘာကြီးတစ်ခုကို အကောင်အထည်ဖော်ရန် လူမှုအသွင်ကူးပြောင်းရေး အလားအလာကို ကျွန်ုပ်တို့ယုံကြည်သည်။ ဤတွင် အာဏာရှိသူများကို တာဝန်ယူစေပြီး ဖွဲ့စည်းတည်ဆောက်ပုံ ပြောင်းလဲမှုကို လုပ်ဆောင်ရန် လိုအပ်ကြောင်းကို ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။

နိုင်ငံမဲ့ဖြစ်ရသူများ၏ အသံများကို နိုင်ငံတကာ၊ ဒေသတွင်းနှင့် နိုင်ငံတော်အဆင့်များတွင် မြှင့်တင်ရန်၊ ချဲ့ထွင်ရှင်းပြရန်၊ မူဝါဒချမှတ်သူများ အပေါ် လွှမ်းမိုးရန်၊ အများပြည်သူကို အသိပညာပေးရန်၊ ကမ္ဘာလုံးဆိုင်ရာ အပြောင်းအလဲများကို လှုံ့ဆော်ပေးရန် ကျွန်ုပ်တို့ဆုံးဖြတ်ထားပါသည်။

နိုင်ငံမဲ့ဖြစ်ရသူများကို ခွန်အားမြှင့်တင်ပေးရန်၊ ကျွန်ုပ်တို့၏ မျှဝေခံစားနိုင်သည့် လူသားဆန်မှု အကြောင်း ပိုမိုနက်ရှိုင်းစွာ နားလည်နိုင်မှုကို လှုံ့ဆော်ပေးရန်နှင့် အားလုံးအတွက် နိုင်ငံသား အခွင့်အရေးများ မြှင့်တင်ကာကွယ်နိုင်သော လုပ်ဆောင်ချက်များကို တက်ကြွစွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျွန်ုပ်တို့သည် ဤအင်အားအသစ် (လှုပ်ရှားမှုအသစ်) ကို ဖန်တီးပါသည်။

ကျွန်ုပ်တို့သည် နိုင်ငံမဲ့ဖြစ်ရမှုကြောင့် သက်ရောက်မှုရှိသောလူများနှင့် အသိုင်းအဝိုင်းများ၊ အရပ်ဘက်အဖွဲ့အစည်း မဟာမိတ်များကြား ချိတ်ဆက်မှုများကို ဖန်တီးမြှင့်တင်ပေးခြင်းဖြင့် အပြန်အလှန်ဆွေးနွေးခြင်း၊ ဇာတ်လမ်းများပြောပြခြင်း၊ သတင်းအချက်အလက်နှင့် အသိပညာမျှဝေခြင်းနှင့် ပူးတွဲစည်းရုံးရေး အစပျိုးခြင်းများအတွက် ဘေးကင်းလုံခြုံသည့် နေရာတစ်ခု ဖန်တီးပေးသည်။

နိုင်ငံမဲ့မှု၏ နက်ရှိုင်းစွာ ဆက်စပ်နေသော အကြောင်းရင်းများနှင့် သက်ရောက်မှုများအား ကျွန်ုပ်တို့ အသိအမှတ်ပြုပြီး၊ ကျွန်ုပ်တို့လှုပ်ရှားမှု၏ အောင်မြင်မှုသည် အခြားသော လူမှုတရားမျှတရေး လှုပ်ရှားမှုများနှင့် ပင်ကိုအားဖြင့် ဆက်စပ်နေသည်ကို လက်ခံပါသည်။ ကျွန်ုပ်တို့သည် လူမှုရေး တရားမျှတမှုအတွက် ပါဝင်ဆောင်ရွက်ပေးကြသူများကို အောက်ခြေအဆင့်မှ နိုင်ငံတကာအဆင့် အထိ ချိတ်ဆက်ပေးရန်၊ မဟာမိတ်ဖွဲ့ပေးရန်၊ ပါဝင်ကူညီပေးရန် စိတ်ပိုင်းဖြတ်ထားကြပါသည်။

လူသားအားလုံးအတွက် နိုင်ငံသားဖြစ်ပိုင်ခွင့် အပါအဝင် လူ့အခွင့်အရေးများ အားလုံးကို လေးစား လိုက်နာသည့် ကမ္ဘာတစ်ခုကို ကျွန်ုပ်တို့ မျှော်မှန်းထားပါသည်။

နိုင်ငံမဲ့ဖြစ်ရမှု၏ မူလဇစ်မြစ်ကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ကမ္ဘာကြီးအတွက် ကျွန်ုပ်တို့၏ အမြင်ကို အကောင်အထည်ဖော်ခြင်းသည် လူသားမျိုးနွယ်တစ်ခုလုံးအတွက် အကျိုးရှိမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။